# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 11 , 2022 | Volume 52, Number 8


**၁၁.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၉၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၂၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၃.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၂၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၃၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ



https://www.myawady.net.mm/node/23060

ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ (၁၀.၃.၂၀၂၂) နံနက် ၁၀ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေနှင့် အခြားအခက်အခဲအခြေအနေများ ရှိနေသော်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ညီနောင်အသင်းအဖွဲ့များနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ အရှိန်အဟုန်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ယခုဆိုလျှင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှု ကာလအတွင်းတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် များစွာထိတွေ့ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာတစ်ခုအထိ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကဏ္ဍတစ်ခုတည်းကိုမဟုတ်ဘဲ ကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင်နှစ်များက ကုန်သွယ်မှုလိုငွေပြခြင်း(Trade Deficit)များ ရှိခဲ့ရာမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေပြခြင်း

(Trade Surplus)ဖြစ်ခဲ့ပြီး ယခုနှစ်တွင်လည်း Trade Deficit နည်းနိုင်သမျှ နည်းနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများ အဆင်ပြေချောမွေ့စွာ တင်သွင်းရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေသော ခေတ်စနစ်နှင့်အညီ ကဏ္ဍအလိုက် Update ဖြစ်သည့်စနစ်များကို ကျင့်သုံးနိုင်ရေးဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကဏ္ဍအလိုက် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို မကြာခဏ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းနှင့် ကဏ္ဍအလိုက် တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပို့ကုန်/သွင်းကုန်လုပ်ငန်းများနှင့် ပတ်သက်သော အကြံပြုချက်များ၊ ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23060

## တန် ၅၀၀ ဆံ့ အအေးခန်းစက်ရုံတည်ဆောက်၍ ငါး၊ ပုစွန်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြေအကျယ် ၂ ဒသမ ၀၄ ဧကကို B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်


https://news-eleven.com/article/227202

တန် ၅၀၀ ဆံ့ အအေးခန်းစက်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များ ပြုလုပ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြေအကျယ် ၂ ဒသမ ၀၄ ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနဌာန လက်အောက်ရှိ B.O.T စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်၊ မြေတိုင်းအမှတ်(၂/၂)၊ တန် ၅၀၀ ဆံ့ အအေးခန်းစက်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုလုပ် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြေအကျယ် အဝန်း ၂ ဒသမ ၀၄ ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားသည်။

တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၁၀၀၀၀ ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစု၊ ရုံးအမှတ် ၃၆ နေပြည်တော်တွင် ဝယ်ယူနိုင်ကြောင်း၊ တင်ဒါလျှောက်လွှာများကို ၂၀၂၂ ခုနှစ် မတ် ၁၀ ရက်မှ ၂၈ ရက်အတွင်း နေ့စဉ်ရုံးချိန်အတွင်း ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင်ရောင်းချမည်ဖြစ်ပြီး အဆိုပါနေရာ၌ပင် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်ဖြစ်သည်။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ၀၆၇- ၄၀၈၄၇၄၊ ၀၉-၂၅၄၅၅၄၃၄၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိကာလအတွင်း ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၃၈၇ သန်းကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကာလတူက ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၃၆၃ ဒသမ ၇၄၈ သန်းရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရ ၂၅ ရက်အထိမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၄ ဒသမ ၀၇၇ သန်း ပိုမိုရရှိခဲ့သည်။ မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး အသားကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်ကတစ်ဆင့် အဓိကတင်ပို့လျက်ရှိသည်။

ပုစွန်မွေးမြူရေးကို စီးပွားဖြစ်ဆောင်ရွက်ရာတွင် ပုစွန်သားပေါက်များအား အိမ်နီးချင်းပြည်ပနိုင်ငံမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် မြန်မာနိုင်ငံအတွင်း၌ ပုစွန်သားပေါက်ထုတ်လုပ်နိုင်ရေးကို အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ရာခိုင်နှုန်း ၃၀ ကို လယ်ယာစိုက်ပျိုးရေးကဏ္ဍမှရရှိနေပြီး ကျေးလက်နေပြည်သူများ၏ ၆၈ ရာခိုင်နှုန်းက ယင်းကဏ္ဍမှ ရရှိသောဝင်ငွေအပေါ် မှီခိုရလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/227202

## ပြောင်း၊ နှံစားပြောင်း၊ ပြောင်းစေ့၊ ပြောင်းမှုန့်အပါအဝင် ပြောင်းကို တစ်ဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်ထားသည့် ပစ္စည်းများပါဝင်သည့် ကုန်စည်လိုင်းများ ဧပြီ ၁ ရက်မှစ၍ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်



https://news-eleven.com/article/227184

ပြောင်း၊ နှံစားပြောင်း၊ ပြောင်းစေ့၊ ပြောင်းမှုန့်အပါအဝင် ပြောင်းအားတစ်ဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်ထားသည့် ပစ္စည်းများပါဝင်သည့် ကုန်စည်လိုင်းများက၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် မတ် ၉ ရက်က ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်လိုက်သည်။

ပြည်ပသို့တင်ပို့သည့် ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ် ထုတ်ပြန်ခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၃/၂၀၂၂) ဖြင့် ထုတ်ပြန်ခြင်းဖြစ်သည်။

ပြည်ပသို့တင်ပို့သည့် ကုန်စည်အချို့ကို နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရန် ရည်ရွယ်လျက် H.S Code 6 Digit ဖြင့် ကုန်စည် ၇၇၈ လိုင်း သို့မဟုတ် H.S Code 10 Digit ဖြင့် ကုန်စည် ၁၂၄ လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၀) ဖြင့် သတ်မှတ်ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပြောင်း၊ နှံစားပြောင်း၊ ပြောင်းစေ့၊ ပြောင်းမှုန့်အပါအဝင် ပြောင်းအား တစ်ဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်ထားသည့်ပစ္စည်းများပါဝင်သည့် ပူးတွဲပါ 2017 Customs Tariff of Myanmar အရ H.S Code 6 Digit ဖြင့် ကုန်စည် ၁၁ လိုင်း သို့မဟုတ် H.S Code 10 Digit ဖြင့် ကုန်စည် ၁၂ လိုင်းကို ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ်ထုတ်ပြန်လိုက်သည်။ သို့ဖြစ်ရာ အထက်အပိုဒ် ၂ ပါ လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်ပို့ရာတွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင် လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဂျုံစေ့နှင့်ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများပါဝင်သည့် ကုန်စည် ၁၄၁ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် မတ် ၂ ရက်မှစ၍ ထပ်တိုးသတ်မှတ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ(၂/၂၀၂၂)ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု နောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများတုံ့ဆိုင်းခြင်းကို ပြန်လည်ကုစားနိုင်ရန်၊ နိုင်ငံ၏ပို့ကုန်တင်ပို့မှု၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျရှိစေရန်နှင့် ပြည်ပမှကုန်စည်များ တင်သွင်းမှုအတွက် နိုင်ငံခြားငွေကြေးအသုံးပြုမှုကို ထိန်းညှိဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရ သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော H.S Code 10 Digit ဖြင့် ကုန်စည်လိုင်း ၃၉၃၁ လိုင်း၊ ပို့ကုန်

သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၈/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော H.S Code 10 Digit ဖြင့် ကုန်စည်လိုင်း ၃၀၇၀ လိုင်း၊ သတင်းလွှာ(၁/၂၀၂၂) ဖြင့် ထုတ်ပြန် ထားသော H.S Code 10 Digit ဖြင့် ကုန်စည် ၈၂၆ လိုင်းအပါအဝင် ပူးတွဲပါ H.S Code များဖြင့် သတ်မှတ်ထားသော ကုန်စည်များသည် သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အထက်အပိုဒ် ၂ ပါ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းရာတွင် ၂၀၂၂ခုနှစ် မတ်လ ၂ ရက်မှစတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုလျက်ရှိသည်။

**Source:** https://news-eleven.com/article/227184

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ပုံမှန်ဖြစ်ပွားလေ့ရှိသော ရောဂါအဖြစ်သဘောထားရန် အစီအစဉ်အားခွင့်ပြု

ထိုင်းနိုင်ငံတွင် ဇူလိုင် ၁ ရက်မှစ၍ ကိုဗစ်-၁၉ (COVID-19) ရောဂါအား ပုံမှန်ဖြစ်ပွားသောရောဂါအဖြစ်ကူးပြောင်းရေး ပံ့ပိုးရန် အဆင့်လေးဆင့်ပါသော အစီအစဉ်တစ်ခုအား ကျန်းမာရေးအာဏာပိုင်များက မတ် ၉ ရက်၌ ခွင့်ပြုခဲ့ကြောင်းသိရသည်။ အမျိုးသားကူးစက်နိုင်သောရောဂါကော်မတီ (NCDC) မှ ပြုလုပ်သော အစည်းအဝေးတစ်ခု၌ ခွင့်ပြုခဲ့သောအစီအစဉ်သည် နောက်ဆုံးဖြစ်ပေါ်နေသော အိုမီခရွန်မျိုးဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်မှုအသစ်များနှင့် လူသေဆုံးမှုများ မြင့်တက်လာခြင်းကို ဖြည်းဖြည်းချင်းထိန်းသိမ်းနိုင်ရန်နှင့် ပုံမှန်ဖြစ်ပွားလေ့ရှိသောရောဂါတစ်ခုအဖြစ် ဗိုင်းရပ်စ်ကို သဘောထားသတ်မှတ်ရေးပြင်ဆင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် တင်းကျပ်သောစီမံဆောင်ရွက်ချက်များအား အကောင်အထည်ဖော်လိုက်နာခြင်းဖြင့် ကပ်ရောဂါမှ ထိုင်းနိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူရေး အထောက်အကူပြုရန်နှင့်ပြည်သူ့ကျန်းမာရေးကိုကာကွယ်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး Anutin Charnvirakul က အစည်းအဝေး၌ သဘာပတိပြုလုပ်ပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကျန်းမာရေးတာဝန်ရှိသူများ၏ အဆိုအရ ထိုင်းနိုင်ငံအနေဖြင့် မတ် ၁၂ ရက်မှ ဧပြီလအစောပိုင်းအထိ ရောဂါကူးစက်မှုများ မြင့်တွေ့ရဦးမည်ဖြစ်ကြောင်း၊ ဧပြီလမှမေလအထိတွင်လည်း ရောဂါဖြစ်ပွားမှုအရေအတွက် ဆက်လက်မြင့်မားနေဦးမည်ဟု ခန့်မှန်းထားသော်လည်း ကျဆင်းစပြုလာမည်ဖြစ်ကြောင်း သိရသည်။

တတိယအဆင့်တွင်မူ ဇူလိုင် ၁ ရက်မှစ၍ ပုံမှန်ရောဂါအဖြစ်သတ်မှတ်ခြင်းအဆင့်သို့ မဝင်ရောက်မီ မေလကုန်ပိုင်းမှ ဇွန်လအထိ နေ့စဉ်ရောဂါကူးစက်မှုမှာ အရေအတွက် ၁,၀၀၀ မှ ၂,၀၀၀ ခန့်အထိ သိသိသာသာလျော့ကျလာသည်ကို မြင်တွေ့နိုင်မည်ဟု ခန့်မှန်းထားသည်။

ပုံမှန်ဖြစ်ပွားလေ့ရှိသော ရောဂါအဆင့်သို့ရောက်ရှိနိုင်ရန် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူနှုန်းမှာ ၀.၁ ရာခိုင်နှုန်း မကျော်ဘဲရှိနေရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက အလေးထားပြောခဲ့သည်။ လက်ရှိအချိန်တွင် အဆိုပါနှုန်းမှာ ၀.၂ ရာခိုင်နှုန်းအထိ နီးစပ်လာပြီဖြစ်သည်။

ထိုင်းနိုင်ငံတွင် မတ် ၉ ရက်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအသစ် ၂၂,၀၇၃ ဦးနှင့် သေဆုံးသူ ၆၉ ဦးရှိခဲ့ကြောင်း၊ နိုင်ငံအတွင်း စုစုပေါင်းရောဂါဖြစ်ပွားမှု ၃.၀၉ သန်းနှင့် သေဆုံးသူ ၂၃,၄၃၈ ဦးအထိရှိပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် မတ် ၈ ရက်အထိ ထိုင်းနိုင်ငံရှိ လူဦးရေ သန်း ၇၀ နီးပါး၏ ၇၁.၇ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးနှံထားပြီးဖြစ်ကြောင်းနှင့် ၃၀.၆ ရာခိုင်နှုန်းမှာမူ အားဖြည့်ကာကွယ်ဆေးများ ထိုးနှံထားပြီးဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/mm-en/220100309/

## မြစ်ကြီးနားထောပတ်သီး (သို့) တရုတ်ဈေးကွက်နဲ့နီးတဲ့ ဒေသထွက်ကုန် အမယ်သစ်တစ်ခု

တရုတ်နိုင်ငံနယ်စပ်ဂိတ်ဖြစ်တဲ့ ကန်ပိုက်တည်နဲ့ နေ့ချင်းပြန်သွားနိုင်တဲ့ အကွာအဝေးမှာရှိတဲ့ မြစ်ကြီးနားမြို့နယ်ထဲမှာ လွန်ခဲ့ တဲ့ ၆ နှစ်လောက်ကစလို့ ဒေသထွက်ကုန်အမယ်သစ်တစ်ခု စတင်စိုက်ပျိုးလာခဲ့ပါတယ်။ အဲဒါကတော့ ဒေသတွင်းက ဥယျာဉ်ခြံ တွေမှာ စိုက်ပျိုးလာတဲ့ ထောပတ်သီးပင်တွေပါပဲ။

၂၀၂၂ ထောပတ်ရာသီရဲ့ အခုလိုပန်းပွင့်ချိန်မှာတော့ သက်တမ်းအရ ထောပတ်အပင်တွေပိုပြီး ဖူးပွင့်လာကြပါပြီ။ အသီးအထွက်နှုန်းတွေ ကောင်းမွန်လာနိုင်ဖို့ ထောပတ်သီးပင်စိုက်တောင်သူတွေ မျှော်လင့်လာကြပါပြီ။ ဒီလို မြစ်ကြီးနားမြို့နယ်ထဲ ထောပတ်သီး စီးပွားဖြစ်ထုတ်လုပ်နေတဲ့ အခြေအနေများနဲ့ပတ်သက်ပြီး မြစ်ကြီးနားမြို့ မိုင် ၂၀ ဥယျာဉ်ခြံရှင်ဖြစ်သူ ဦးအောင်ရွှေက အခုလိုရှင်းပြပါတယ်။ "သီးတာကတော့ Hass ,Bucaneea ၂ မျိုးပဲ ကျွန်တော့်ဆီမှာများပါတယ်။ ကြီးတာကတော့ မနှစ်ကတော့ ဘာကေးနီးယားကတော့ အလုံးလည်းကြီးတယ်။ Hass ကျတော့ သူက အလုံးလည်းနည်းနည်းသေးတယ်လေ။ အဲ့ဒါနဲ့ တစ်ဝက်စီလောက်တော့ သီးတယ်။ မနှစ်က ၁၀ ပင်လောက်ပဲ သီးတာ။ မနှစ်ကမှ ကောင်းကောင်း အလုံးတစ်ထောင်၊ နှစ်ထောင်လောက်သီးပါတယ်။ မနှစ်က နည်းနည်းတော့ စားရတာပေါ့။ ဒီနှစ်က အပင်တွေ တော်တော်များများ ပန်းပွင့်တာကိုတွေ့ရပါတယ်။ ဒီနှစ်တော့နည်းနည်းပိုရမယ်လို့ ထင်ပါတယ်"

မြစ်ကြီးနားမြို့နယ်အတွင်း တရုတ်နိုင်ငံဈေးကွက်ကိုတင်ပို့နိုင်ဖို့ နှစ်ရှည်သီးနှံအပင်တွေကို အများအပြားစိုက်ပျိုး လာကြတာပါ။ ဒီလိုစိုက်ပျိုးထုတ်လုပ်ရာမှာ ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များရရှိနိုင်ရန်နဲ့ လယ်ယာဘေးထွက်ပစ္စည်းများမှ သဘာဝမြေသြဇာများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ အသုံးပြုနိုင်ဖို့တွေကိုတော့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့တာလို့ သိရပါတယ်။

မြစ်ကြီးနားမြို့နယ်အနီးတဝိုက်ရှိ ထောပတ်ခြံများကို မိုင်နှစ်ဆယ်၊ ပလန၊ နန်မ်ကျင်နဲ့ဝိုင်းမော်မြို့နယ်တွေမှာတွေ့ရမှာဖြစ်ပြီး Buccaneer, Lamb Hass, Hass, Reed, Boot – 7, Peterson, Zutano, Bacon, Fuerte, Gem, 034 စတဲ့ ပြည်ပမှ တင်သွင်းလာတဲ့ မျိုးများကို ကိုင်းကူးကိုင်းဆက်နည်းဖြင့် ရွေးချယ်စိုက်ပျိုးထားတာကို တွေ့ရပါတယ်။

ဒေသအတွင်းရှိ ထောပတ်ခြံသစ်များမှာ ထောပတ်အပင်ရေ ၃၀၀၀ ကျော် စိုက်ပျိုးထားပြီး ၂၀၂၁ ခုနှစ်အတွင်း ကတော့ သက်တမ်းငါးနှစ်ရှိလာပြီဖြစ်တဲ့ ထောပတ်ပင်များမှ အလုံးရေ နှစ်ထောင်ခန့်ကို မြစ်ကြီးနားဈေးကွက်တင်ပဲ ဖြန့်ဖြူးရောင်းချနိုင်ခဲ့တယ်လို့ သိရပါတယ်။ အရင်က ထောပတ်သီးဆိုရင် ရှမ်းပြည်နယ်ကသာအထွက်များတဲ့ ထွက်ကုန်တစ်ခုလို့ အများစုက သိထားကြတာဖြစ်ပြီး အခုတော့ ကချင်ပြည်နယ်ရဲ့ထွက်ကုန်အမယ်သစ်တစ်ခုအနေနဲ့ပါ ပေါ်ထွက်လာပြီဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Myitkyina_Avocado

## ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေးကြီးမှ နယ်စုံသို့ နေ့စဉ်ရေထွက်ကုန်ပိဿာချိန် သုံးသိန်းခန့် ပုံမှန်အရောင်းအဝယ်ဖြစ်

ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေးကြီးမှ နယ်စုံသို့ နေ့စဉ် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး လုပ်သားတစ်သိန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကြောင်းသိရသည်။ ''လက်ရှိမှာ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်မှု အနည်းငယ်ရှိနေပေမယ့် နေ့စဉ်ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကတော့ ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်သူတွေ ငါးစားသုံးမှု အဆင်ပြေစေဖို့ ရေချို၊ ရေငန်ငါးတွေကို အဓိကရောင်းချပေးနေတာဖြစ်ပြီး ရေချိုငါးကိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့ကနေ တင်သွင်းပြီး ရေငန်ငါးကိုတော့ တနင်္သာရီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကနေ အများဆုံးတင်သွင်းပါတယ်'' ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းကပြောသည်။

ရွှေပိတောက်ငါးဈေးကြီးကို ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်ကဖွင့်လှစ်ခဲ့ပြီး ဆိုင်ခန်းအနည်းငယ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် ဗဟိုစံပြငါးဈေးကြီးမှ ပွဲကျဈေးသည်များကို ရွှေပိတောက်ငါးဈေးကြီး၌ ပြန်လည်ရောင်းချစေခြင်းဖြင့် ရေထွက်ကုန် အများဆုံးဝင်ရောက်သည့် ငါး၊ ပုစွန် ဈေးကြီးတစ်ခုအဖြစ် စည်ကားလာခဲ့သည်။ ''အရင်က ရေထွက်ကုန်ပိဿာချိန် နှစ်သောင်းလောက်တောင် အရောင်းအဝယ်မဖြစ်တဲ့ ငါးဈေးကြီးက အခုဆိုရင် ကုန်ပိဿာချိန် သုံးသိန်းအထိ အရောင်းအဝယ်ဖြစ်လာတဲ့အတွက် ငါးမွေးမြူသူတွေ၊ ကုန်သည်တွေနဲ့ လက်လီလက်ကားရောင်းဝယ်တဲ့ဈေးသည်တွေ အဆင်ပြေလာကြတယ်။ ဒါကြောင့် ဌာနဆိုင်ရာတွေနဲ့ ဈေးသူဈေးသားတွေပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီဈေးကြီးအဖြစ် အကောင်အထည်ဖော်နိုင်မယ်ဆိုရင် အများကြီးအကျိုးဖြစ်ထွန်းလာမှာပါ''ဟု ရွှေပိတောက်ငါးဈေးကြီးမှ ဈေးသာယာရေးဥက္ကဋ္ဌ ဦးကျင်စောကပြောသည်။

ရွှေပိတောက်ငါးဈေးကြီး၌ ဈေးရုံပေါင်း ရှစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပျံကျဆိုင်ခန်းငယ်ပေါင်း ၁၀၀ ကျော်ရှိပြီး ရေချို ရေငန်ငါးအမျိုးအစား ၂၀ ခန့်ကို ပြည်တွင်းသာမက တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့လည်း တင်ပို့ နေကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23061

## ချင်းပြည်နယ်အတွင်းရှိ ဝဥစိုက်တောင်သူများကို ဝဥမျိုးစေ့ပိဿာ ၁၅၀၀၀ ဖြန့်ဝေပေး



https://www.myawady.net.mm/node/23058

ချင်းပြည်နယ်တွင် ယခု ၂၀၂၁-၂၀၂၂ စိုက်ပျိုးရာသီတွင် ပြည်နယ်အတွင်း ဝဥစိုက်တောင်သူများကို ဝဥမျိုးစေ့ ပိဿာ ၁၅၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

ချင်းပြည်နယ်တွင် ဝဥစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီမှစတင်၍ သုံးနှစ်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၁-၂၀၂၂ စိုက်ပျိုးရာသီတွင် ဟားခါးခရိုင်၌ ဝဥမျိုးစေ့ ပိဿာ ၃၀၀၀၊ ဖလမ်းခရိုင်တွင် ဝဥမျိုးစေ့ပိဿာ ၁၀၀၀၀ နှင့် မတူပီခရိုင်တွင် ဝဥမျိုးစေ့ ပိဿာ ၂၀၀၀ စုစုပေါင်း ဝဥမျိုးစေ့ ပိဿာ ၁၅၀၀၀ ကို စိုက်ပျိုးမည့်တောင်သူများထံ ဖြန့်ဝေပေးသည်။

ချင်းပြည်နယ်တွင် ဝဥအဖြူမျိုး၊ အနီမျိုးနှင့်အဝါမျိုးတို့ကို အဓိကစိုက်ပျိုးကြသည်။ ချင်းပြည်နယ်တွင် ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီကလည်း ဝဥစိုက်ပျိုးမည့် တောင်သူများထံ ဝဥမျိုးစေ့များဖြန့်ဝေပေးပြီး ခရိုင်အလိုက် ဖြန့်ဝေပေးမှုအနေဖြင့် ဟားခါးခရိုင်တွင် ၉၈၂၉ ပိဿာ၊ ဖလမ်းခရိုင်တွင် ၂၀၇၃၃ ပိဿာ၊ မတူပီခရိုင်တွင် ၃၉၂၀ ပိဿာနှင့် မင်းတပ်ခရိုင်တွင် ၇၉၄၀ ပိဿာစုစုပေါင်း ၄၂၄၂၂ ပိဿာဖြန့်ဝေပေးခဲ့ကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ထပ်မံပြောသည်။

ချင်းပြည်နယ်တွင် ဝဥသည် သဘာဝပေါက်ပင်ဖြစ်သော်လည်း ယခုအခါ တူးဖော်မှုများပြားလာသည့် အတွက် ဝဥမျိုးများ ရှားပါးလာသဖြင့် လုပ်ကွက်ငယ်တောင်သူများ နှစ်စဉ်ဝင်ငွေရရှိမှု တိုးတက်လာစေရန်နှင့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ကာ အမြဲတမ်းတောင်ယာစနစ်သို့ ရောက်ရှိစေရန်အတွက် ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီမှ ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီအထိ သုံးနှစ်စီမံချက်ရေးဆွဲကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/23058

## စီးပွားရေးသံမှူးသတင်းများ

## ကမ္ဘာလုံးဆိုင်ရာ ကွန်တိန်နာရှားပါးမှုပြဿနာကြောင့် အီးယူ၌ ပင်လယ်စာဈေးနှုန်းများ မြင့်တက်ခြင်း

အီးယူ၏ ပင်လယ်စာထုတ်ကုန်ဈေးကွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့မှုကြောင့် မြန်ဆန်စွာ ပြန်လည်ကောင်းမွန်လာသည့်အခြေအနေတွင်ရှိသော်လည်း ပင်လယ်စာတင်ပို့သည့် နိုင်ငံများသည် ကွန်တိန်နာပြတ်လပ်မှုအခက်အခဲကြောင့် ရုန်းကန်နေကြရကြောင်း၊ ယင်း၏အကျိုးဆက်အဖြစ် အီးယူသို့ ပင်လယ်စာသင်္ဘောတင်ပို့ခ ဈေးနှုန်းများ မြင့်တက်လာသဖြင့် ပင်လယ်စာဈေးမြင့်တက်လာပြီး၊ အီးယူဝယ်လက်များက ပင်လယ်စာတင်ပို့ရောင်းချလိုသည့် ဈေးကွက်သစ်များကို ရှာဖွေလာကြကြောင်းသိရပါသည်။

အအေးခဲငါးနှင့်ပင်လယ်စာတို့သည် ကမ္ဘာ့ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် ကုန်စည်အမျိုးအစားများတွင် တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ သို့ရာတွင် ထုတ်လုပ်ရာနိုင်ငံနှင့် ဝယ်လက်နိုင်ငံများအကြား ပထဝီအနေအထားအရ အလှမ်းကွာဝေးသည့် အခြေအနေများလည်းရှိနေကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့အအေးခဲငါးနှင့်ပင်လယ်စာ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁၀၀) ဘီလျံ ဝန်းကျင်သို့ရောက်ရှိခဲ့ကြောင်း သိရပါသည်။

အအေးခဲငါးနှင့် ပင်လယ်စာထုတ်ကုန်များကို အဓိကအားဖြင့် အအေးခန်းကွန်တိန်နာများဖြင့် သင်္ဘောတင်ကြရခြင်းဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားချိန်တွင် social distancing ကန့်သတ်ချက်များကြောင့် အဟန့်အတားများဖြစ်ပေါ်ခဲ့ခြင်း၊

ဆိပ်ကမ်းစီမံမှုလုပ်ငန်းများအပေါ် ကြီးစွာသက်ရောက်ခဲ့ခြင်းတို့နှင့်အတူ အေးခဲငါးနှင့်ပင်လယ်စာများ သယ်ယူပို့ဆောင်မှုတွင်လည်း သက်ရောက်ခဲ့ပါသည်။ ကွန်တိန်နာသင်္ဘောလိုင်းများ နိုင်ငံဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှုကျဆင်းခဲ့ပြီး၊ ဆိပ်ကမ်းများ၌ ကွန်တိန်နာများစုပုံနေခြင်းကြောင့် ကွန်တိန်နာရှားပါးမှုအခက်အခဲဖြစ်ပေါ်ခဲ့ပါသည်။

ကွန်တိန်နာရှားပါးမှုပြဿနာနှင့် ကွန်တိန်နာဝယ်လိုအားမြင့်တက်မှုကြောင့် ကွန်တိန်နာသင်္ဘောတင်စျေးနှုန်း မြင့်တက်လာခဲ့ပါသည်။ အေးခဲပင်လယ်စာထုတ်ကုန် ကွန်တိန်နာတစ်လုံးအတွက် သင်္ဘောတင်ခ အမေရိကန်ဒေါ်လာ (၁၁၀၀၀) မှ (၁၆၀၀၀) အကြား ပေးဆောင်နေကြရကြောင်း အီးယူရှိ သွင်းကုန်လုပ်ငန်းရှင်များကဆိုကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ယင်းစျေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၂၀၀၀-၃၀၀၀) ဝန်းကျင်သာရှိကြောင်း သိရပါသည်။

ထိုသို့ ကွန်တိန်နာစျေးနှုန်းမြင့်တက်မှုသည် စားသုံးသူများအတွက် စျေးကွက်အတွင်း ပင်လယ်စာစျေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ငါးနှင့်ပင်လယ်စာထုတ်လုပ်သည့် နိုင်ငံများရှိ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ဝယ်လက်များက ၎င်းတို့၏အမြတ်အစွန်းကို ထိန်းထားနိုင်ရေးအတွက် စျေးနှုန်းလျှော့ချပေးရန် တောင်းဆိုမှုများကို ကြုံရနိုင်ကြောင်း သိရပါသည်။ ပြီးခဲ့သည့်လများအတွင်း တရုတ်၊ အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံများအနေဖြင့် ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေး ကန့်သတ်ချက်အသစ်များချမှတ်ရသဖြင့် သင်္ဘောတင်ပို့မှုများလျော့ကျခြင်းနှင့် ကွန်တိန်နာစုပုံမှုပိုမိုဖြစ်ပေါ်စေခြင်းများရှိလာနိုင်ကြောင်း၊ ပုံမှန်အားဖြင့် အာရှဒေသမှ ဥရောပသို့သင်္ဘောတင်ပို့ရာတွင် ရက်ပေါင်း (၃၀ မှ ၄၀) ခန့်သာ ကြာမြင့်သော်လည်း ယခုအခါ ရက်ပေါင်း (၆၀ မှ ၈၀ ) ခန့်အထိ ကြာမြင့်နိုင်ကြောင်း သိရပါသည်။

ယခုအခါ အီးယူရှိ ပင်လယ်စာဝယ်လက်များသည် ပင်လယ်စာရရှိမှုတည်ငြိမ်စေရေးနှင့် စျေးကွက်ဝယ်လိုအားကို ပြည့်မီစေရေးတို့အတွက် supplier အသစ်များကို ရှာဖွေလာကြကြောင်း၊ ဥပမာအားဖြင့် ပုစွန်တင်သွင်းသူများသည် အီကွေဒေါ၊ ဟွန်ဒူးရပ်စ်၊ ဗင်နီဇွဲလားစသည့် လက်တင်အမေရိကနိုင်ငံများမှ ပိုမိုဝယ်ယူတင်သွင်းရန် ရှာဖွေလာကြကြောင်း၊ ထို့ကြောင့် ၎င်းနိုင်ငံများရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် အီးယူ၌ စျေးကွက်ချဲ့ထွင်နိုင်ရေးအခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်ကြောင်း သိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ပြန့်ပွားနေဆဲဖြစ်ရာ ကွန်တိန်နာရှားပါးမှုအခက်အခဲသည် မည်မျှအထိကြာမည်ကို ခန့်မှန်းရန်မလွယ်ကူကြောင်းသိရပါသည်။ ထောက်ပံ့သယ်ယူရေးဆိုင်ရာ ကျွမ်းကျင်သူများက ကွန်တိန်နာစျေးနှုန်းများသည် (၆) လမှ (၁၈) လအတွင်း ပုံမှန်ပြန်ဖြစ်နိုင်သည်ဟု ခန့်မှန်းထားကြသော်လည်း ကပ်ရောဂါမဖြစ်ပွားမီကာလထက် အနည်းငယ်စျေးနှုန်းမြင့်မားနေဦးမည်ဖြစ်သည်ဟုဆိုသည်။ ကမ္ဘာ့စျေးကွက်နိုင်ငံများ၌ အားလပ်ရက်အတွက် ဝယ်ယူမှုများကြောင့် မြင့်တက်ခဲ့သည့် အေးခဲငါးနှင့်ပင်လယ်စာ ဝယ်လိုအားသည် ၂၀၂၂ ခုနှစ်၊ အစောပိုင်းကာလတွင် ပြန်လည်ကျဆင်းမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။

**Source:** https://www.cbi.eu/news/global-container-shortage-pushes-seafood-prices

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## တရုတ်နိုင်ငံတွင် တိရစ္ဆာန်အစာဝယ်လိုအား မြင့်တက်လာသဖြင့် ဆန်နှင့်ဆန်ကွဲစျေးနှုန်းကွာဟချက်များ ကျဉ်းမြောင်းလာ

အာရှဆန်စျေးကွက်တွင် ပြည်တွင်းပြည်ပမှ တိရစ္ဆာန်အစာဝယ်လိုအား လွှမ်းမိုးနေရာ ဆန်ကွဲဝယ်ယူရရှိနိုင်မှု အကန့်အသတ်ရှိလာပြီး ဆန်နှင့် ဆန်ကွဲအမျိုးအစားများအကြား ကွာဟချက်မှာလည်း သိသိသာသာ ကျဉ်းမြောင်းလာပါသည်။

ပို့ကုန်စျေးကွက်ပိုင်း၌ မကြာသေးမီအချိန်အတွင်း တရုတ်နိုင်ငံက အာရှနိုင်ငံများဆီမှ ဆန်ကွဲကို ဝယ်လိုအား ထူးထူးခြားခြားမြင့်တက်လာကြောင်း တွေ့ရပါသည်။ အထူးသဖြင့် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံများ၏ ဆန်ကွဲများကို တရုတ်ဘက်မှ ပိုမိုဝယ်ယူလျက်ရှိပါသည်။ တရုတ်ဘက်မှ အမြောက်အများဝယ်ယူနေသောကြောင့် အိန္ဒိယဘက်မှရောင်းလိုအား အကန့်အသတ်များနှင့် ကြုံတွေ့နေရကြောင်းသိရပါသည်။ ထိုသို့ဖြစ်လာရခြင်းမှာ အခြေခံအားဖြင့် မျှော်လင့်ထားသည်ထက် kharif မျိုးထွက်ရှိမှု ပိုမိုကောင်းမွန်ခဲ့သော်လည်း တရုတ်ဘက်မှ (၅) ရာခိုင်နှုန်း အကျိုးအကြေပါဝင်သည့် ဆန်ဖြူထက် (၂၅)ရာခိုင်နှုန်း အကျိုးအကြေပါဝင်သည့်ဆန်ဖြူကို ပိုမိုဝယ်ယူလာကြခြင်းကြောင့်ဖြစ်ပြီး၊ အိန္ဒိယကုန်းတွင်းပိုင်းဆန်စက်များမှ Kakinada ဆိပ်ကမ်းသို့ ဆန်ကွဲသယ်ယူပို့ဆောင်ရာတွင် အခက်အခဲများရှိလာသည်ဟု သိရပါသည်။

ပါကစ္စတန်နိုင်ငံတွင် တရုတ်ဘက်မှ ဆန်ကွဲဝယ်လိုအား များလာခြင်းကြောင့် ပုံမှန်အားဖြင့် ဆန်ကွဲမှာ စပါးမှဆန်ကို ထုတ်လုပ်ရာတွင် ဘေးထွက်ကုန်ပစ္စည်း တစ်ခုမျှသာဖြစ်သော်လည်း ဆန်စက်အများအပြားက စပါးကို ဆန်ကွဲအဖြစ် ကြိတ်ခွဲ ထုတ်လုပ်နေကြကြောင်းနှင့် (၂၅) ရာခိုင်နှုန်းအကျိုးအကြေပါဝင်သည့်ဆန်ဖြူကိုပင် (၁၀၀) ရာခိုင်နှုန်း ဆန်ကွဲအဖြစ် ဈေးချ၍ ရောင်းလာသည်များလည်းရှိကြောင်း သိရပါသည်။

တရုတ်နိုင်ငံပြင်ပတွင်သော်မှ အာရှတိုက်တွင်း မကြာသေးမီက ပုံမှန်မဟုတ်သော ဆန်ကွဲကုန်သွယ်မှုများ ဖြစ်ပေါ် လျက်ရှိပါသည်။ ပါကစ္စတန်နှင့်အိန္ဒိယတို့မှ ဆန်ကွဲများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်နေသည်ဟူသော အကြောင်းပြ ချက်ဖြင့် အမေရိကန်ပြည်ထောင်စုက ထိုင်းနိုင်ငံမှဆန်ကွဲများကို ဝမ်းပြားယာဉ်များဖြင့် စုပုံ၍ဝယ်ယူနေသည်ဟု သိရပါသည်။ အမေရိကန်မှဝယ်ယူသူများမှာ ဘရာဇီးလ်နိုင်ငံမှ အများအပြားဝယ်ယူလေ့ရှိတတ်ရာ ယခုကဲ့သို့ရောင်းချရမှုမှာ ပုံမှန်မဟုတ်သည့် ထူးခြားဖြစ်စဉ်ဟု ဆိုနိုင်ပါသည်။

ယခုကဲ့သို့ ပုံမှန်မဟုတ်သည့် ဆန်ကွဲဝယ်ယူမှုများမှာ ပြောင်းအဓိကထွက်ရှိသည့် ယူကရိန်းနိုင်ငံသို့ ရုရှားနိုင်ငံက ဝင်ရောက်ပြီးနောက် ပင်လယ်နက်ဝန်းကျင်တစ်ဝိုက်တွင် တင်းမာမှုများမြင့်တက်လာရာ တိရစ္ဆာန်အစာဈေးနှုန်းများ ဆက်တိုက်တက်လာမည်ကို စိုးရိမ်မှုများကြား၌ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ယူကရိန်းနိုင်ငံမှာ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ပြောင်းအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး၊ ရုရှားနိုင်ငံမှာ ကမ္ဘာပေါ်တွင် ဂျုံအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပါသည်။ ၎င်းနိုင်ငံ နှစ်နိုင်ငံတွင် အခြေအနေတင်းမာမှုများ မြင့်တက်လာပြီးနောက် တိရစ္ဆာန်အစာအတွက် ဆန်ကွဲများကို ဝယ်လိုအားမြင့်လာခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် Platts Corn CFR North East Asia အကဲဖြတ်ချက်အရ ပြောင်းဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် (၃၆၆) ဒေါ်လာရှိပြီး၊ ယခုနှစ်စပိုင်းကထက် (၄၂) ဒေါ်လာတက်လာကာ၊ ယခင်နှစ်ကထက် (၇၁.၃၀) ဒေါ်လာမြင့်တက်လာသည်ကိုတွေ့ရပါသည်။ ဖေဖော်ဝါရီလ (၂၄)ရက်နေ့၌ လူများစားသုံးသည့် ဂျုံကြိုရောင်းကြိုဝယ်စာချုပ် ဈေးနှုန်းတွင်လည်း မက်ထရစ်တစ်တန်လျှင် (၄၁.၇၅) ယူရိုတက်လာပြီး (၃၂၈) ယူရိုအထိ ဈေးတက်ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် သယ်ယူပို့ဆောင်ရေးနှင့်တိရစ္ဆာန်အစာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဆန်ကွဲပမာဏအမြောက်အမြားကို တင်ပို့လျက်ရှိပြီး၊ တိရစ္ဆာန်အစာ အများအပြားကို တင်သွင်းတတ်သည့် ထိုင်းနှင့်ဗီယက်နမ်ကဲ့သို့ အာရှနိုင်ငံများတွင် ပြည်တွင်းတိရစ္ဆာန်အစာလိုအပ်ချက်များကိုဖြည့်ဆည်းရန် ဝယ်လိုအားမြင့်မားလာသည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ ပြောင်းနှင့်ဂျုံဈေးနှုန်းများ မြင့်တက်လာသည့်နည်းတူ ဆန်ကွဲဈေးနှုန်းများမှာလည်း စတင်မြင့်တက်လာပါသည်။ အိန္ဒိယနိုင်ငံမှ (၁၀၀)ရာခိုင်နှုန်း ဆန်ကွဲမှာ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် နှစ်ဆန်းပိုင်းကထက် တစ်တန်လျှင် (၂၉) ဒေါ်လာမြင့်တက်လာပြီး (၃၁၀)ဒေါ်လာအထိ ဖြစ်လာပါသည်။

ပိုမိုစိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ဝယ်လိုအားသိပ်မများခဲ့သည့် ဆန်နှင့်ဝယ်လိုအားများသည့် ဆန်ကွဲအမျိုးအစားများအကြား ဈေးနှုန်းကွာဟချက် ပိုမိုကျဉ်းမြောင်းလာသည်ကို အောက်ဖော်ပြပါဇယား၌ တွေ့မြင်နိုင်ပါသည် -

**ဖေဖော်ဝါရီလ (၂၅) ရက်နေ့ရှိ အာရှ (၅) ရာခိုင်နှုန်းနှင့် (၁၀၀) ရာခိုင်နှုန်း ဆန်ကွဲဈေးနှုန်းတို့အကြား ဈေးနှုန်းကွာဟချက်များ**

| **နိုင်ငံ** | **၂၀၂၁ (ဒေါ်လာ/မက်ထရစ်တန်)** | **၂၀၂၂ (ဒေါ်လာ/မက်ထရစ်တန်)** |
|---|---|---|
| ထိုင်း | ၅၅ | ၂၂ |
| ဗီယက်နမ် | ၆၅ | ၉၅ |
| အိန္ဒိယ | ၁၂၅ | ၄၄ |
| ပါကစ္စတန် | ၈၅ | ၂၀ |
| မြန်မာ | ၈၅ | ၅၀ |

Source: S&P Global Platts, **spglobal** (၂၈-၂-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## ရေနံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် ပြည်တွင်းစီးပွားရေး ပံ့ပိုးမှုအစီအမံများဆောင်ရွက်ရန် ဂျပန်နိုင်ငံပြင်ဆင်နေ

ယူကရိန်းအကျပ်အတည်း၏ သက်ရောက်မှုကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များကိုပံ့ပိုးရန် ဂျပန်ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် စီးပွားရေးပံ့ပိုးမှုအစီ အမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် Fumio Kishida က မတ်လ ၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ရေနံအဓိကထုတ်လုပ်သည့် ရုရှားနိုင်ငံနှင့်အိမ်နီးချင်း ယူကရိန်းနိုင်ငံတို့အကြားဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် မကြာသေးမီရက်များအတွင်းက ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးသို့ မြင့်တက်သွားခဲ့ပါသည်။

ဂျပန်အစိုးရအနေဖြင့် မြင့်မားသည့် စွမ်းအင်ဈေးနှုန်းများကြောင့် ဖြစ်ပေါ်လာသည့် ပြည်သူပြည်သားတို့၏ လူမှုဘဝများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများအား တတ်အားသမျှလျှော့ချနိုင်စေရန်ရည်ရွယ်၍ အဆိုပါ စီးပွားရေးပံ့ပိုးမှုအစီအမံများကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

**Source:** https://japantoday.com/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## STOCK EXCHANGE (11.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 2 | 16,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 2,410 | 6,817,600 | 38,929,150 | 109,002 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | -500 | -2.63% | 18,500 | 18,500 | 18,500 | 36 | 666,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,650 | 2,650 | 2,600 | 30 | 78,050 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 150 | 412,500 | 19,977,223 | 54,937 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


### Market summary

As of 11th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.96 | -4.31 | -1.15% | 371.66 | 372.03 | 369.96 | 2,628 | 7,990,150 | 7 | 643,596 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 11th Mar. 2022

| MYANPIX | 369.96 ▼ 4.31 |
|---|---|
| Total Volume (shares) | 2,628 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 643,596 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▼ 50 |
| AMATA | 00007 | 5,100 | ▲ 0 |

TIR